# အမျိုးသမီးအမတ်များသာ ရွေးချယ်ခဲ့ကြသော တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ

## နောက်ခံအကြောင်းအရာ

ယနေ့မျက်မှောက် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အမျိုးသမီးပါဝင်မှု တိုးတက်လာလျက်ရှိပါသည်။ ယင်းကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများယှဉ်ပြိုင်ရွေးကောက်ခံခဲ့ကြခြင်းမှ လေ့လာတွေ့ရှိနိုင်သည်။

ဤဆောင်းပါးငယ်သည် အမျိုးသမီးကိုယ်စားလှယ်များသာ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များမှ မဲဆန္ဒနယ်များကို အဓိကဖော်ပြပေးလိုရင်းဖြစ်ပါသည်။ ဆောင်းပါးပါအချက်အလက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရရှိပြီး ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ လေ့လာ သုံးသပ်ရာတွင် လွယ်ကူစေရန် Excel ပုံစံ၊ မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြင်ဆင်ခဲ့သည်။

## လေ့လာတွေ့ရှိချက်

၂၀၁၅ အထွေထွေရွေးကောက်ပွဲမဲရလဒ်များအရ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပါဝင်မှုသည် ပထမ အကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များနှင့် ဒုတိယ အကြိမ်လွှတ်တော်များ နှိုင်းယှဉ်ပါက ဒုတိယအကြိမ်တွင် ပိုမိုတိုးမြှင့်လာခဲ့သည်။ လွှတ်တော်သုံးရပ်လုံးတွင် တိုးမြင့်မှုနှုန်းမှာ ၁၀% ဖြစ်ပြီး ပထမအကြိမ်လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှု ပထမအကြိမ် လွှတ်တော်တွင် အမျိုးသမီး ပါဝင်မှုနှုန်း ၄% သာပါဝင်ခဲ့ရာမှ လက်ရှိလွှတ်တော်တွင် ၁၃% ပါဝင်လာခြင်းဖြစ် သည်။[1]

ယင်းအနက် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် အမျိုးသမီးကိုယ်စားလှယ်များ ရရှိခဲ့သော မဲဆန္ဒနယ်များရှိခဲ့ပါသည်။ ယင်းတို့မှာ မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ် နှင့် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်တို့ဖြစ်သည်။ [2]

အလားတူပင် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များအတွက် မဲဆန္ဒနယ်တစ်ခုလျှင် ကိုယ်စားလှယ် ၂ ဦးကျစီ ရွေးကောက်ခဲ့သည့်အနက် ၂ နေရာလုံးအမျိုးသမီးများသာ အနိုင်ရရှိသော မဲဆန္ဒနယ်အချို့ကို လေ့လာ တွေ့ရှိရသည်။

ယင်းမဲဆန္ဒနယ်များနှင့် အနိုင်ရရှိခဲ့သည့် ပါတီများကို တစ်ဖက်ပါပုံတွင် ဖော်ပြထားပါသည်။

---

[1] ပထမနှင့်ဒုတိယအကြိမ်လွှတ်တော်တွင်းရှိ ကျား၊မ ပါဝင်မှုနှိုင်းယှဉ်ချက် ဆောင်းပါး (www.mypilar.org)

[2] Open Hluttaw (ပွင့်လင်းလွှတ်တော်)

**ပုံ-၁။ ။ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးများသာ ရွေးကောက်ခံအနိုင်ရရှိခဲ့သည့် မဲဆန္ဒနယ်များနှင့် ပါတီများ**




ပုံတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) နှင့် (၂) ၊ အလုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) နှင့် (၂)၊ စစ်ကိုင်းဒေသကြီးလွှတ်တော်၊ မုံရွာမဲဆန္ဒနယ် အမှတ် (၁) နှင့် (၂)၊ စသည့်မဲဆန္ဒနယ် ၆ ခုတွင် NLD ပါတီမှ အမျိုးသမီးကိုယ်စားလှယ် ၆ ဦးက ရွေးကောက်ခံ အနိုင်ရရှိခဲ့ကြသည်။ ကချင်ပြည်နယ်လွှတ်တော်တွင် ဆော့လော်မဲဆန္ဒနယ်အမှတ် (၁) တွင် USDP ပါတီမှ အမျိုးသမီးကိုယ်စားလှယ်နှင့် ဆော့လော်မဲဆန္ဒနယ်အမှတ် (၂) တွင် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးစီ အနိုင်ရရှိခဲ့ကြသည်ကို ဖော်ပြထားရှိသည်။

## အတွေးအမြင်

ယနေ့မြန်မာ့ ဒီမိုကရေစီနိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတွင်ပင် နိုင်ငံရေးဖြစ်စဉ်တစ်လျှောက်၌ အမျိုးသမီးများပါဝင်ခွင့်၊ ဦးဆောင်နိုင်ခွင့်သည် အလွန်နည်းပါးဆဲဖြစ်သည်။ ယင်းသည် မြန်မာအမျိုးသမီးတို့၏ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုနှင့် စွမ်းဆောင်ရည်၊ ပါဝင်ခွင့်ရသည့်အခြေအနေတို့ပေါ်တွင် မူတည်လျက်ရှိပေမည်။

သို့ဖြစ်ရာ အမျိုးသားအများစု လွှမ်းမိုးနေဆဲ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ဖော်ပြပါမဲဆန္ဒနယ်များကဲ့သို့ မြို့နယ်များတွင် အမျိုးသမီးကိုယ်စားလှယ်များချည်း ရွေးကောက်ခံခဲ့ရမှုအပေါ် ဆန်းစစ်လေ့လာကြည့်ပါက

- ၎င်းတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီ၏ ပုံရိပ်ကြီးမားမှု
- ပါတီများ၏ အမျိုးသမီးပါဝင်ခွင့်ကို ထည့်သွင်းစဉ်းစားမှု
- ၎င်းတို့ကိုယ်တိုင်၏ စွမ်းဆောင်ရည်နှင့် မဲဆန္ဒရှင်များအပေါ် လွှမ်းမိုးနိုင်မှု
- နိုင်ငံရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍကို ပြည်သူလူထုက လက်ခံပေးနိုင်မှု

စသည့်အကြောင်းရင်းခံများကို ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်သည်။

ထို့အတူ အမျိုးသမီးများ ပိုမိုပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာများတွင် အမျိုးသမီးများ ရောက်ရှိလာနိုင်ရန်မှာ ယင်းအကြောင်းရင်းခံများနှင့်ချိတ်ဆက်လျက်

- အမျိုးသမီးများ၏ နိုင်ငံရေးအသိအမြင်များ၊ စွမ်းဆောင်ရည်များ မြင့်မားလာရန်၊
- နိုင်ငံရေးပါတီများ၊ အများပြည်သူနှင့် မြန်မာ့နိုင်ငံရေးအသိုင်းအဝန်းက အမျိုးသမီးတို့၏ ဦးဆောင်မှုကို လက်ခံနိုင်စွမ်းရှိသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်လာရန် အားပေးမြှင့်တင်ခြင်းသာ ဖြစ်ပါသည်။

## အကြံပြုချက်

နိုင်ငံရေးပါတီများအနေဖြင့် ရပ်ရွာ၊မြို့နယ်အတွင်း အများကလေးစားအားကိုးရသည့် အမျိုးသမီးများကို ပါတီဝင်သစ်များအနေဖြင့် စုဆောင်းနိုင်ပါသည်။ ထို့ပြင် ပါတီဝင်အနေဖြင့်သာမက ၎င်းတို့၏အရည်အချင်းပေါ်တွင်မူတည်၍ ဆုံးဖြတ်ချက်ချမှတ်သူနေရာများတွင် ပေးခြင်း၊ ရွေးကောက်ပွဲကဲ့သို့သော နိုင်ငံရေးဖြစ်စဉ်များတွင် ပါတီကိုယ်စားပြုရွေးကောက်ခံစေခြင်းတို့ဖြင့် နိုင်ငံရေးနယ်ပယ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါသည်။ ဤနည်းအားဖြင့် အမျိုးသမီးများအား ဥပဒေပြုရေးနှင့် မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်များတွင် တိုးမြှင့်ပါဝင်စေလျက် ၎င်းတို့၏အခွင့်အရေးများကို ၎င်းတို့ကိုယ်တိုင် ပုံဖော်ခွင့်ရစေနိုင်ပါသည်။

## ကိုးကား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်